ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ဖားဆောင်း၊ ဘောလခဲ၊ မယ်စဲ့မြို့နယ်၊ ကယားပြည်နယ်

# လူထုဗဟိုပြုစီမံကိန်း

**National Community Driven Development Project**

**(NCDDP)**



**ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် (၂၀၁၇ - ၂၀၁၈)**

**Village Development Plan (VDP)**

**တောင်ပေါ်ကျေးရွာ၊ဖားဆောင်း-ကျေးရွာအုပ်စု၊ဖားဆောင်းမြို့နယ်၊ ကယားပြည်နယ်**

# မာတိကာ

၁။ ဖားဆောင်းမြို့နယ်မြေပုံ

၂။တောင်ပေါ်ကျေးရွာမြေပုံ

၃။ ကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာစာရင်းများ

၄။ ကျေးရွာအခြေခံအချက်အလက်များ (ကျေးရွာသမိုင်းကြောင်း)

၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

၇။ ကော်မတီဝင်များ ရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ

၈။ ကျေးရွာအချက်အလက် (ပုံစံ-၁)

၉။ စီမံကိန်းစက်ဝန်း အချိန်ဇယား (ပုံစံ-၂)


၁၀။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃)

၁၁။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (ပုံစံ-၄)

၁၂။ အစည်းအဝေးမှတ်တမ်းများ (ပုံစံ-၁၂)

၁၃။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

## ၁။ဖားဆောင်း-မြို့နယ်မြေပုံ



## ၂။ တောင်ပေါ်ကျေးရွာမြေပုံ



## ၃။ ကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာစာရင်းများ

| စဉ် | ကျေးရွာအမည် | အိမ်ထောင်စုအရေအတွက် | လူဦးရေစာရင်း | | |
|---|---|---|---|---|---|
| | | | ကျ | မ | ပေါင်း |
| ၁။ | တောင်ပေါ် | ၇၁ | ၁၃၅ | ၁၄၀ | ၂၇၅ |
| ၂။ | စုစည်း | ၆၄ | ၁၅၁ | ၁၃၄ | ၂၈၅ |
| ၃။ | နမ့်ကစ် | ၁၂၇ | ၃၃၃ | ၃၃၄ | ၆၆၇ |
| ၄။ | ပါပု | ၇၂ | ၁၅၁ | ၁၆၄ | ၃၁၅ |
| ၄။ | ခဲမဖြူ | ၃၁၂ | ၈၂၀ | ၈၄၈ | ၁၆၆၈ |
| ၅။ | ဘီဟီထာ | ၅၈ | ၁၆၃ | ၁၇၀ | ၃၃၃ |
| | စုစုပေါင်း | **၇၀၄** | **၁၇၅၃** | **၁၇၉၀** | **၃၅၄၃** |

## ၄။ ကျေးရွာအခြေခံအချက်အလက်များ (ကျေးရွာသမိုင်းကြောင်း)

ကယားပြည်နယ်၊ ဘောလခဲခရိုင်၊ ဖားဆောင်းမြို့နယ်၊ တောင်ပေါ်ကျေးရွာသည်ဖားဆောင်းမြို့၏ အနောက်ဘက်တွင်တည်ရှိပြီး ကျေးရွာအိမ်ခြေမှာ(၇၁)အိမ်နှင့် လူဦးရေမှာ(၂၇၅)ဦး နေထိုင်ပါသည်။ ရှမ်းနှင့်ဗမာလူမျိုးများ နေထိုင်ကြပြီး ဗုဒ္ဓဘာသာကိုကိုးကွယ်ကြပါသည်။ နှမ်းနှင့်စပါးတို့ကို အဓိကစိုက်ပျိုးပြီး အသက်မွေးဝမ်းကျောင်းပြုကြသည်။ ကရုဏာအဖွဲ့အစည်းမှလည်း ကျေးရွာ ရေလှောင်ကန်နှင့် ရေပိုက်သွယ်တန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပါသည်။ RDA အဖွဲ့မှလည်း စိုက်ပျိုးရေးနှင့်မွေးမြူရေး အသိပညာပေးလုပ်ငန်း၊ စိုက်ပျိုးရေးသုံး ပစ္စည်းများ၊ ဆိတ်၊ ဝက် များလည်း ပံ့ပိုးပေးခဲ့ပါသည်။ ကျေးရွာတွင်းတွင် မျိုးစေ့ဘဏ်ကိုလည်း ဆောက်လုပ်ပေးခဲ့ပါသည်။ သမဝါယမ ဦးစီးဌာန နှင့် မြစိမ်းရောင် စီမံကိန်းမှ ချေးငွေပံ့ပိုးပေးခဲ့ပါသည်။


ထို့အပြင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မှ ကျေးရွာတွင်း ကျောက်ချောလမ်း နှင့် ကျေးရွာသွားကတ္တရာလမ်းများ ပြုပြင်ပေးခြင်း၊ ကျေးရွာရေလှောင်ကန်များ ဆောက်လုပ်ပေးခဲ့ပါသည်။ လျှပ်စစ်တော်ရန်ပုံငွေနှင့် ကွန်ကရစ်တံတားများ ပြုလုပ်ပေးခဲ့ပါသည်။ လက်ရှိအခြေအနေတွင် PACT Myanmar မှ မိခင်နှင့်ကလေးကျန်းမာရေး၊ အာဟာရကျွေးမွေးခြင်း နှင့် အခြေခံကျန်းမာရေး အသိပညာပေး အစီအစဉ်များ ဆောင်ရွက်ပေးလျက် ရှိနေပါသည်။

## ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျ | မ | ပေါင်း | |
| ၁။ | လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ | ၁၇.၁၀.၂၀၁၇ | ကျေးရွာ ၁ လူထု | ၂၅ | ၂၆ | ၅၁ | ကျေးရွာတွင်းရှိ အရင်းအမြစ်များ၊ အခြေ အဆောက်အအုံများ၊ မြစ်ချောင်းများ၊ လမ်းပန်းဆက်သွယ်ရေးအခြေအနေများ အားဆွေးနွေး မှတ်တမ်းတင်ခြင်း |
| ၂။ | ဥစ္စာဓနပိုင်ဆိုင်မှု အဆင့်သတ်မှတ်ချက် | ၁၇.၁၀.၂၀၁၇ | ကျေးရွာ ၁ လူထု | ၂၅ | ၂၆ | ၅၁ | အိမ်ထောင်စုတစ်စုချင်းစီကို အိမ်ထောင်စု တစ်စုချင်းစီကို သဘောတူညီထားသည့် သတ်မှတ်ချက်အချို့ကို အသုံးပြုကာ အဆင့် ၃ ဆင့်တွင်ပါဝင်သော အိမ်ထောင်စု အရေအတွက် ခန့်မှန်းခြင်း |
| ၃။ | ပိုင်ဆိုင်မှုသုံးသပ်ခြင်း | ၁၇.၁၀.၂၀၁၇ | ကျေးရွာ ၁ လူထု | ၂၅ | ၂၆ | ၅၁ | အမျိုးသမီးနှင့် အမျိုးသား ပိုင်ဆိုင်ပြီး ထိန်းချုပ်ထားသည့် အရင်းအမြစ်များ နှင့် ပက်သက်သည့် ဦးစားပေးများနှင့် လိုအပ် ချက်များ ကွဲပြားခြားနားမှုကို ဆွေးနွေးခြင် းဖြစ်သည်။ |
| ၄။ | ရာသီခွင်ပြဇယား | ၁၇.၁၀.၂၀၁၇ | ကျေးရွာ ၁ လူထု | ၂၅ | ၂၆ | ၅၁ | အမျိုးသမီးနှင့် အမျိုးသား ပိုင်ဆိုင်ပြီး ထိန်းချုပ်ထားသည့် အရင်းအမြစ်များနှင့် ပက်သက်သည့် ဦးစားပေးများနှင့် လိုအပ် ချက်များ ကွဲပြားခြားနားမှုကို ဆွေးနွေးခြင်း ဖြစ်သည်။ |
| ၅။ | ကျား-မအခန်း ကဏ္ဍသုံးသပ်ခြင်း | ၁၇.၁၀.၂၀၁၇ | ကျေးရွာ ၁ လူထု | ၂၅ | ၂၆ | ၅၁ | အမျိုးသား၊အမျိုးသမီး တန်းတူအခွင့် အရေး ရရှိမှုအခြေအနေ များအားဆွေးနွေးမှတ်တမ်း တင်ခြင်း |
| ၆။ | အဖွဲ့အစည်းဆိုင်ရာ အကဲဖြတ်ချက် နှင့် ဗင်းကားချပ် သုံးသပ်ခြင်း | ၁၇.၁၀.၂၀၁၇ | ကျေးရွာ ၁ လူထု | ၂၅ | ၂၆ | ၅၁ | လူထုနှင့် ထိတွေ့ဆက်ဆံပြီး လူထု အကျိုး စီးပွားအတွက် ဆောင်ရွက် လျက်ရှိ သော ရွာအတွင်း၊ရွာပြင်ပ အဖွဲ့အစည်းများအား ဖော်ထုတ်ခြင်း နှင့် ဆက်သွယ်မှုပုံသဏ္ဌာန်ကို ကားချပ်ပေါ်တွင်မှတ်တမ်းတင်ခြင်း |


## ၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

### (က) လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ




တောင်ပေါ်ကျေးရွာသည် အိမ်ထောင်စု(၇၁)စုရှိကာ စုစုပေါင်းလူဦးရေမှာ(၁၂၇)ဦးခန့် နေထိုင်ကြ ပါသည်။ ကျေးရွာ၏အနောက်ဘက်တွင် ရေထွက်ပေါက် နှင့် လယ်ကွက်များ တည်ရှိပါသည်။ မြောက်အရပ် တွင် တောင်တန်းများနှင့်အရှေ့တောင်အရပ်တွင် တောင်ယာများတည်ရှိပါသည်။ တောင်ပေါ်ကျေးရွာသည်အဓိကအားဖြင့် နမ်းနှင့်စပါးစိုက်ပျိုးခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသည်။ အိမ်ခြေ၏ ၇၀%သည် တောင်ယာနှင့် လယ်များလုပ်ကိုင်ကြပြီးကျန်သော(၃၀)%မှာ ကျပန်းအလုပ်များလုပ်ကိုင်ကြသည်။ ကျေးရွာအနေဖြင့် အများဆုံး အသုံးပြုသော အရင်းမြစ်များမှာတောင်ယာ၊ ရေနှင့်ဝက် အရင်းအမြစ်များ ဖြစ်ပြီး လယ်၊ကျောက်နှင့်ကြက်စသော အရင်းအမြစ်များကို အနည်းငယ်သာအသုံးပြုကြသည်။ လွန်ခဲ့သော (၅)နှစ်အတွင်း သစ်တောများပြုန်းတီးလာပြီး လယ်နှင့် ကျောက်အရင်းမြစ်များ လျော့နည်းလာသည်။ ကျေးရွာတွင် လူတန်းစားမခွဲခြားဘဲ အတူတကွနေထိုင်ကြသည်။ တစ်ရွာလုံးဗုဒ္ဓဘာသာကိုးကွယ်ကြ ပြီးအခြားနေရာမှ လာရောက်နေထိုင်သည့်အိမ်ခြေမှာ (၂)အိမ် ရှိသည်။ လမ်းပန်းဆက်သွယ်ရေး အနေဖြင့် ကုန်းလမ်းကိုသာ အသုံးပြုကြသည်။ ကျေးရွာအများပိုင်အဆောက်အဦးများမှာ မူလတန်းကျောင်း၊ ရေလှောင်ကန်၊ ခန်းမဆောင်၊ စာကြည့်တိုက်၊ လူငယ်ရိပ်သာ၊ နှင့် နတ်စင်များဖြစ်ပါသည်။

## (ခ) ဥစ္စာဓနပိုင်ဆိုင်မှုအဆင့်သတ်မှတ်ချက်





ဥစ္စာဓနကြွယ်ဝမှုပြဇယား (တောင်ပေါ်)

| အဆင့် | သတ်မှတ်ချက် | အိမ်ထောင်စု အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| ပြေလည် | ကား၊ လယ်ထွန်စက်၊ စပါး+ကြိတ်စက်၊ လယ် (၄ ကေ) အထက်၊ ကုန်စုံဆိုင်၊ တိုက်၊ ဆိုင်ကယ် | ၆ | ၈% |
| အလယ်အလတ် | တိုက်၊ နွားလှည်း၊ လယ် (၄ ကေ) အောက်၊ တောင်ယာ၊ ဆိုင်ကယ်၊ နွား၊ ကြက်၊ ဝက်၊ စပါး၊ | ၃၀ | ၄၂% |
| နွမ်းပါး | ဖတ်မိုးဝါးထရံအိမ်၊ မုဆိုးမမိသားစု၊ ကြက်ဝက် အနည်းငယ်၊ | ၃၁ | ၄၃% |
| အလွန်နွမ်းပါး | မသန်စွမ်း၊ တဲအိမ်၊ ကိုယ်ပိုင်ပစ္စည်းမရှိ၊ | ၅ | ၇% |
| | | ၇၂ | ၁၀၀% |

တောင်ပေါ်ကျေးရွာသည် ဥစ္စာဓန ကြွယ်ဝမှု အဆင့်သတ်မှတ်ရာတွင် သာမာန်၊ အလယ်အလတ်၊ နွမ်းပါး နှင့် အလွန်နွမ်းပါး ဟူ၍အဆင့်(၄)ဆင့်သတ်မှတ်ထားပါသည်။ကား၊ လယ်ထွန်စက်၊ စပါးကြိတ်စက်၊ လယ်(၄)ကေအထက်၊ ကုန်စုံဆိုင်၊ တိုက်အိမ်များ ပိုင်ဆိုင်သောမိသားစု ကိုသာမာန်အုပ်စု၊ နွားလှည်း၊ တိုက်အိမ်၊ လယ်(၄)ကေအောက်၊ တောင်ယာစိုက်ပျိုးသောမိသားစုကို အလယ်အလတ်အုပ်စု၊ ဖတ်မိုးဝါးထရံအိမ်၊ မုဆိုးမိသားစု စသည်များကို နွမ်းပါးအုပ်စု နှင့် မသန်စွမ်း၊ တဲအိမ်၊ ကိုယ်ပိုင်ပစ္စည်းမရှိ သည့်မိသားစုများကို အလွန်နွမ်းပါး အုပ်စု ဟူ၍ အသီးအသီးသတ်မှတ်ကြသည်။ တောင်ပေါ်ကျေးရွာရှိ ပြေလည်အုပ်စု မှာပျမ်းမျှအားဖြင့် အိမ်ထောင်စု (၆) စုခန့်(၈%)၊ အလယ်အလတ်အုပ်စုမှာ အိမ်ထောင်စု (၃၀)စုခန့်(၄၂%)၊ နွမ်းပါးအုပ်စုမှာ အိမ်ထောင်စု(၃၁) စုခန့်(၄၃%)နှင့် အလွန်နွမ်းပါး အုပ်စုမှာ အိမ်ထောင်စု (၅) စုခန့် (၇%)ခန့်ရှိပါသည်။


## (၈) ပိုင်ဆိုင်မှုသုံးသပ်ခြင်း





တောင်ပေါ်ကျေးရွာရှိ သဘာဝသယံဇာတအရင်းအမြစ်သုံးစွဲမှုတွင်အမျိုးသားနှင့် အမျိုးသမီးသုံးစွဲမှု မတူပါ။ အမျိုးသားများက ကျောက်ထုတ်လုပ်ခြင်း၊ ဝါးခုတ်ခြင်း၊ တောင်ယာထွန်ရန် လယ်ထွန်စက်များ၊ နွားလှည်းစသည်များကို သုံးစွဲကြပါသည်။ သောက်သုံးရေ၊ တောင်ယာ၊ လယ်၊ ကြက်၊ ဝက်၊ ဈေးဆိုင်၊ စာသင်ကျောင်းများကို အမျိုးသမီးရော အမျိုးသားများပါ တန်းတူ သုံးစွဲကြပါသည်။ အထူးသဖြင့် အမျိုးသမီးများအသုံးပြုသော အရင်းအမြစ်များမှာ အိမ်တွင်းမှုလုပ်ငန်းနှင့် တပိုင်တနိုင် ကြက်၊ ဝက်မွေးမြူရေးလုပ်ငန်းများ ဖြစ်သည်။ ယင်းအရင်းအမြစ်များ ထိန်းချုပ်မှုနှင့်အသုံးပြုနိုင်ရန် ဆုံးဖြတ်ချက်ချရာတွင် အမျိုးသားများမှ ဦးဆောင်နေပါသည်။အမျိုးသမီးများ သီးသန့်ထိန်းချုပ်သည်မှာ ဈေးဆိုင် ဖြစ်သည်။ ကျောက်ထုတ်လုပ်ခြင်း၊ ဝါးခုတ်ခြင်း၊ တောင်ယာထွန်ရန် လယ်ထွန်စက်များ၊ နွားလှည်းစသည်များကို အမျိုးသမီးများ လက်လှမ်းမှီ ထိမ်းချုပ်မထားနိုင်ခြင်းမှာ တောတောင်များ ထူထပ်ပေါများခြင်း၊ လမ်းပန်းဆက်သွယ်ရေး မကောင်းခြင်း၊ လုံခြုံစိတ်ချရမှု အားနည်းခြင်းနှင့် ဒေသအခြေအနေ တည်ငြိမ်မှု အားနည်းခြင်း များကြောင့် ဖြစ်ပါသည်။

## (ဃ) ရာသီခွင်ပြဇယား




တောင်ပေါ်ကျေးရွာ၏ အဓိကအသက်မွေးဝမ်းကျောင်း လုပ်ငန်းမှာ တောင်ယာ၊ လယ်ယာ နှင့် မွေးမြူရေးလုပ်ငန်းများ ဖြစ်သည်။ စိုက်ပျိုးရေးလုပ်ငန်းကာလမှာ ဇူလိုင်လ၊ ဩဂုတ်လ၊ စက်တင်ဘာ၊ နိုဝင်ဘာလများဖြစ်ပြီးရေးကို မွေးမြူရေးလုပ်ငန်းကိုတစ်နှစ်ပတ်လုံးလုပ်ကိုင်ကြသည်။ ဆန်စပါးကို စားသုံးရန်အတွက်သာစိုက်ပျိုးကြသည်။ ရောင်းချခြင်းအတွက်မလုံလောက်ပါ။ ဝင်ငွေများသော ကာလမှာအောက်တိုဘာလ ဖြစ်ပြီးကျန်လများသည် ထွက်ငွေများသောလများဖြစ်သည်။ ဗုဒ္ဓဘာသာကို ကိုးကွယ်ကြပြီး ပွဲတော်ကာလကို ဧပြီလ၊ မေလ၊ အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာလများတွင် အသီးသီးကျင်းပကြသည်။ ဧပြီလတွင်သင်္ကြန်ပွဲ၊ မေလတွင်မီးကျည်ပွဲ၊ အောက်တိုဘာလတွင် သီတင်းကျွတ်ပွဲ၊ နိုဝင်ဘာလတွင် တန်ဆောင်တိုင်ပွဲနှင့်ဒီဇင်ဘာလတွင် ခရစ္စမတ်ပွဲတော်များ ကျင်းပကြသည်။ ဧပြီလ၊ နိုဝင်ဘာလ၊ ဒီဇင်ဘာလများတွင် အလုပ်ပါးပြီး ကျန်လများတွင် အလုပ်များသည်။

## (c) ကျား-မအခန်းကဏ္ဍသုံးသပ်ခြင်း (Cobweb)





တောင်ပေါ်ကျေးရွာတွင် အမျိုးသမီး အများစုသည် အိမ်မှုကိစ္စတွင် အချိန်ပေးနေရသည့် အတွက် အဖွဲ့အစည်းတွင် ပါဝင်ဦးဆောင်ခွင့်နှင့်ဝင်ငွေရရှိမှု အားနည်းသည်။ အမျိုးသမီးများ အနေဖြင့် အဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်နေသော်လည်း ဦးဆောင်သူ ၊ ဆုံးဖြတ်ချက် ချပိုင်ခွင့် ရှိသူများမှာ အမျိုးသားများသာ ဖြစ်ပါသည်။ထို့အပြင် အမျိုးသမီးများကိုယ်တိုင်လည်း မိရိုးဖလာထုံးတမ်းစဉ်လာ၏ လွှမ်းမိုးမှုကြောင့် ကိုယ်ပိုင်စွမ်းဆောင်ရည်များ ထုတ်သုံးရန် ယုံကြည်မှု မရှိကြပါ။


## (စ) အဖွဲ့အစည်းဆိုင်ရာအကဲဖြတ်ချက်နှင့် ဗင်းကားချပ်




တောင်ပေါ်ကျေးရွာတွင် အဖွဲ့အစည်းပေါင်း(၁၂)ဖွဲ့ရှိပြီး အုပ်ချုပ်ရေးအဖွဲ့နှင့်လူငယ်အဖွဲ့တို့သည် ကျေးရွာနှင့်ချိတ်ဆက်မှုအများဆုံးရှိပြီး ရွာ၏ဘာသာရေး၊ သာရေး နာရေးကိစ္စများကို အတူဦးဆောင်ပြီး ပူးပေါင်းဆောင်ရွက်ကြသည်။ အုပ်ချုပ်ရေး အဖွဲ့၊ ဂေါပက၊ လူငယ်၊CDD၊ ကျောင်းကော်မတီ နှင့် ရေကော်မတီ အဖွဲ့တို့သည် ရွာတွင်းနေထိုင်သော အဖွဲ့များဖြစ်သည်။ ရွာပြင်ပတွင်ရှိသောအဖွဲ့အစည်းများ ဖြစ်သည့် Pact Myanmar၊ Care Myanmar၊ IOM၊ MAM နှင့် သမဝါယမ စသည့် အဖွဲ့များသည် ကျေးရွာအုပ်ချုပ်ရေးမှူး နှင့် ချိတ်ဆက်၍ ကျေးရွာ၏ လူမှုရေး၊ ကျန်းမာရေး၊ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ဆောင်ရွက်ကြသည်။


## (ဆ) အခက်အခဲများနှင့်ပြဿနာများ






တောင်ပေါ်ကျေးရွာတွင် အခက်အခဲနှင့်ပြဿနာများကိုဆွေးနွေးရာ အမျိုးသမီးများအတွက် အလုပ်အကိုင်အခွင့်အလမ်း နည်းပါးခြင်းနှင့်အိမ်မှုကိစ္စနှင့် ကလေးထိန်းနေရ သောကြောင့် ဝင်ငွေရရှိမှု နည်းပါး၍ စားဝတ်နေရေး အဆင်မပြေပါ။ ဆေးပေးခန်း မရှိသောကြောင့် ကျန်းမာရေးဝန်ဆောင်မှု အခက်အခဲ ရှိနေပါသည်။ မိုးရာသီတွင် ရွာတွင်းလမ်းနှင့်လယ်ယာသို့သွားသောလမ်းများ ပျက်စီးမှု ရှိသောကြောင့် သွားလာရန်ခက်ခဲပါသည်။ မိဘများ မပံ့ပိုးပေးနိုင်သောကြောင့် ကလေးများ ကျောင်းထွက် ဦးရေများခြင်းနှင့် ကျောင်းဝန်းမြေမညီသောကြောင့် ကလေးများဆော့ကစားရာတွင် လုံခြုံမှုနည်းပါး နေပါသည်။ ကလေးများကို မူကြိုထားချင်သော်လည်း မူကြိုကျောင်းမရှိသဖြင့် အဆင်မပြေပါ။ ထို့ကြောင့်ကလေးမိခင်များကသာထိန်းနေရသဖြင့် အလုပ်လုပ်ချိန်နည်းကာ အမျိုးသမီးများဝင်ငွေ အလွန်နည်းပါသည်။


## (၉) မျှော်မှန်းချက်




တောင်ပေါ်ကျေးရွာသည် နောင်၅နှစ်အတွင်း မျှော်မှန်းချက်များမှာ အသက်မွေးဝမ်းကျောင်း ပညာများရရှိရန် အလုပ်အကိုင် အခွင့်အလမ်းများပေါ်များလာကာ စားဝတ်နေရေးအဆင်ပြေလာ၍ ကလေးများကို ကျောင်းပညာပြည့်ဝစွာထားရှိနိုင်ရန် မျှော်မှန်းပါသည်။ ကလေးများကိုမူကြိုကျောင်း ထားပြီးမိခင်များအနေဖြင့် စီးပွားရေးလုပ်နိုင်ရန်မျှော်မှန်းပါသည်။ ကလေးများ ပညာရေးအဆင့်မြင့်မား လာကာကျောင်းဝန်းအတွင်း ကလေးကစားကွင်းရှိလာရန်နှင့်လမ်းပန်းဆက်သွယ်ရေးကောင်းမွန် လာရန်မျှော်မှန်းပါသည်။

## (ဈ) ဦးစားပေးလုပ်ငန်းများရွေးချယ်ဆုံးဖြတ်ခြင်း




တောင်ပေါ်ကျေးရွာတွင် ဦးစားပေးလုပ်ငန်းများရွေးချယ်ရာတွင် ဒုတိယအကြိမ် အစည်းအဝေးတက်ရောက်သူ အမျိုးသား (၂၅)ဦး၊အမျိုးသမီး (၂၆)ဦး၊ စုစုပေါင်း(၅၁) ဦးတို့၏ သဘောတူညီမှုနှင့် ဆုံးဖြတ်ချက် အရ ဦးစားပေးအဆင့်များကို သတ်မှတ်ကြသည်။ မိမိကျေးရွာ၏ အဓိကအရေးတကြီး လိုအပ်သည့် လုပ်ငန်းများရွေးချယ်ရာတွင် ဖွံ့ဖြိုးရေးလုပ်ငန်း (၈)ခုထွက်ရှိကာ ဦးစားပေးအဆင့်(၈)ဆင့် သတ်မှတ်ကြပါသည်။ ၎င်းတို့မှာ (၁)မူကြိုကျောင်းဆောက်လုပ်ခြင်း (၂)ရွာလယ်လမ်းပြုပြင်ခြင်း ၊ (၃)စာသင်ကျောင်းနှင့် ကလေးကစားကွင်း၊ (၄)ရွာပတ်လမ်းပြုပြင်ခြင်း၊ (၅)လူငယ်ရိပ်သာတည်ဆောက်ခြင်း၊ (၆)လယ်တောင်ယာသို့သွားလမ်းဖောက်ခြင်း၊ (၇)အသက်မွေးဝမ်းကျောင်းသင်တန်းပို့ချပေးရန်၊ (၈)ရပ်ကွက်ရုံးတည်ဆောက်ခြင်း လုပ်ငန်းတို့ဖြစ်ပါသည်။

## ၇။ ကော်မတီဝင်များ ရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ

## ကော်မတီများစာရင်း

| စဉ် | အမည် | ရာထူး(ကျေးရွာအဆင့်) | ရာထူး(အုပ်စုအဆင့်) |
|---|---|---|---|
| ၁။ | ဦးစိုင်းတင့်လွင် | စီ/ထောက် ဥက္ကဌ | အုပ်စီထောက်အဖွဲ့ဝင် |
| ၂။ | ဒေါ်အိအိထွေး | စီ၊ထောက် ဥက္ကဌ | အုပ်စုစီထောက်ဥက္ကဌ |
| ၃။ | ဦးစိုးလှိုင် | စေတနာ့ဝန်ထမ်း | |
| ၄။ | ဒေါ်စောရီ | စေတနာဝန်ထမ်း | |
| ၅။ | ဒေါ်သီရိခိုင် | စာရင်းကိုင် | ဘဏ္ဍာရေးဆပ်ကော်မတီ အဖွဲ့ဝင် |
| ၆။ | ဦးစည်သူဖြိုး | ဝေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေး | |
| ၇။ | ဒေါ်စနေထွေး | ဝေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေး | |
| ၈။ | ဦးအောင်ခိုင် | ဝယ်ယူရေးဆပ်ကော်မတီ | |
| ၉။ | ဒေါ်ကြည်ကြည်ငွေ | ဝယ်ယူရေးဆပ်ကော်မတီ | |
| ၁၀။ | ဦးငွေလှိုင်ဝင်း | လည်ပတ်ထိန်းသိမ်းရေး | |
| ၁၁။ | ဒေါ်သန္တာထွေး | လည်ပတ်ထိန်းသိမ်းရေး | |
| ၁၂။ | ဦးစောအောင် | စောင့်ကြည့်ကြီးကြပ်ရေး | |
| ၁၃။ | ဒေါ်တင်တင်ရှို | စောင့်ကြည့်ကြီးကြပ်ရေး | |

# ၆။ ကျေးရွာအချက်အလက် (ပုံစံ-၁)

ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| | | | |
|---|---|---|---|
| **လမ်းညွှန်ချက်။** ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။ | | | |
| ကျေးရွာခေါင်းဆောင် အမည် ဦးဝင်းသန်းဦး | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် ၀၉-၇၅၂၈၅၁၀၀၉ | လူထုစည်းရုံးရေးမှူး၏ အမည် ဒေါ်နန်းမြို့မိုးသူ | |
| ပြည်နယ်၊တိုင်းဒေသကြီး ကယား | မြို့နယ် ဖါးဆောင် | ကျေးရွာအုပ်စု ဖါးဆောင်း | ကျေးရွာ တောင်ပေါ် |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စု အရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စု အရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ရှမ်း | ၂၈ | ဘာသာ (၁) ဗုဒ္ဓ | ၂၈ |
| လူမျိုးစု (၂) ဗမာ | ၉ | ဘာသာ (၂) ဗုဒ္ဓ | ၉ |
| လူမျိုးစု (၃) | | ဘာသာ (၃) | |
| လူမျိုးစုရော ရှမ်း+ကယား/ချင်း+ရခိုင်/ရှမ်း+ကျော့ ကယန်း+ရှမ်း/ဓနု+ပအိုဝ် | ၃၄ | ဘာသာရော ဗုဒ္ဓ / ဗုဒ္ဓ + ခရစ်ယာန် | ၂၈ / ၆ |
| အခြား | | | |
| | အရေအတွက် | | ၇၁ |
| မသန်စွမ်းသူများ | - | - | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၄ | ဗုဒ္ဓ | ၄ |
| စစ်ဘေးရှောင် | - | - | - |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၁၃၅ | ၁၄၀ |
| လူမျိုးစု (၁) ရှမ်း | ၅၅ | ၆၂ |
| လူမျိုးစု (၂) ဗမာ | ၂၀ | ၁၇ |
| လူမျိုးစု (၃) | | |
| အခြား လူမျိုးရော | ၅၉ | ၆၁ |
| အိမ်ထောင်ဦးစီး | ၅၀ | ၂၁ |

= ၂၇၅ ဦး

အိမ်ထောင်စု - ၇၁

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☑ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |
| အခြား | ☑ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် စာကြည့်တိုက် | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | (၂) ကျန်းမာရေး | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | (၃) လက်မှုပညာရှင် | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
|---|---|---|---|---|---|---|---|---|
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☑ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☑ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| မှတ်ချက် | | | မှတ်ချက် [illegible] | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၄င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

ကျောက်ကြမ်းလမ်း ကတ္တရာလမ်း ကွန်ကရစ်လမ်း
မော်တော်ဆိုင်ကယ်လမ်း
ကျောက်ခင်းလမ်း မြေသားလမ်း လူသွားလမ်း အခြား

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? ရှိပါသည်/ မရှိပါ/မသိပါ ဝိုင်းပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ်------- (မသိပါ)

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? (ပြုခဲ့ပါသည်) / မပြုခဲ့ပါ /မသိပါ

**(စ) ခရီးအကွာအဝေး**

(၁) ဤကျေးရွာစါးဝပ်ိမှ ၎င်းကျေးရွာအုပ်စုဆေးပေးခန်းအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင် ၄ ဖာလုံ /မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဝပ်အထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန် ၂ မိနစ်

ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/

အခြား ---------------

မိုးရာသီတွင်ကြာချိန် ၃ မိနစ်

ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/

အခြား ---------------

**(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်**

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်မှုခြင်း ရှိပါသလား။

☑ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ ---------------

**(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ**

လူထုဝပ်ပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ (ပတ်ဖြန့်မှာ)

(၂) [illegible]

**(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း**

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည်


ကျေးရွာခေါင်းဆောင် အမည် [illegible]

လက်မှတ် [signature] နေ့စွဲ 19.10.2017

လူထုစည်းရုံးရေးမှူး အမည် [signature] ဒေါ်နန်းမိုးမိုးသူ

လက်မှတ် နေ့စွဲ 19-10-2017

# ၉။ စီမံကိန်းစက်ဝန်း အချိန်ဇယား (ပုံစံ-၂)



ပုံစံ - စ -၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

လမ်းညွှန်ချက်၊ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။

စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်နန်းမိုးမိုးသူ


နေ့စွဲ 19 · Oct · 2017

စက်ဝန်းအားအမှတ်ခြစ်ပါ ☐ စက်ဝန်း(၁) ✓ စက်ဝန်း(၂) ☐ စက်ဝန်း(၃) ☐ စက်ဝန်း (၄)

| ပြည်နယ်/တိုင်း ကယား | မြို့နယ် ဖါးဆောင်း | ကျေးရွာအုပ်စု ဖါးဆောင်း | ကျေးရွာ တောင်ပေါ် |
|---|---|---|---|

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၁၇·၁၀·၁၇ | ၁၇·၁၀·၁၇ | ၁၄ | ၁၈ | ၃၂ | ရှမ်း ၂၆<br>ဗမာ ၄<br>ကရင် ၁<br>ရှမ်း+ကရင် ၁ |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၁၈·၁၀·၁၇ | ၁၈·၁၀·၁၇ | ၂၅ | ၂၆ | ၅၁ | ရှမ်း ၄၄<br>ဗမာ ၅<br>ကရင် ၁<br>ရှမ်း+ကရင် ၁ |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၁၄·၁၁·၁၇ | ၁၄·၁၁·၁၇ | ၂ | ၃ | ၅ | ရှမ်း ၅ |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | ၁၃·၁၂·၁၇ | ၁၃·၁၂·၁၇ | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည် ဖေါ်ရေး | | | | | | |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃)




ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| |
|---|
| **လမ်းညွှန်ချက်၊** အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ |

| | | | |
|---|---|---|---|
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်နန်း[illegible] ၊ ဒေါ်လဲ့လဲ့ဝေဖြိုး | | | |
| နေ့စွဲ ၁၈-၁၀-၂၀၁၇ | စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) ✓ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄) | | |
| ပြည်နယ်/တိုင်း ကယား | မြို့နယ် ဖားဆောင်း | ကျေးရွာအုပ်စု ဖားဆောင်း | ကျေးရွာ [illegible] |

**က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း** - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| | **အမျိုးသား** အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | **အမျိုးသမီး** အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ |
|---|---|---|---|
| ၁ | အလုပ်သို့သွားသည့်လမ်း ဆိုးသဖြင့် သွားလာရ အချိန်ကုန်ခြင်း | ၁ | အလုပ်အကိုင် အခွင့်အလမ်း ရှားပါးခြင်း ကြောင့် ဝင်ငွေ နည်းပါးခြင်း |
| ၂ | ကလေးငယ်များ အတွက် စာသင်ဆောင် မလောက်ခြင်း | ၂ | လယ်၊ တောင်ယာသို့ သွားသောလမ်း မကောင်း၍ အလုပ်ဝင်ချိန်နောက်ကျခြင်း |
| ၃ | မိဘများ ငွေကြေး အဆင်မပြေသဖြင့် အချို့ကလေးများ ကျောင်းထွက်ရ | ၃ | ရွာတွင်းလမ်းများ မိုးရာသီတွင် သွားလာရ ခက်ခဲခြင်း |
| ၄ | ရွာလမ်းကြားများ မြေသားလမ်း သာဖြစ်သောကြောင့် သွားလာရေး အဆင်မပြေခြင်း | ၄ | မူကြိုကျောင်း မရှိသောကြောင့် ကလေးမိခင်များ ကလေးထိန်းရ နေရသောကြောင့် ဝင်ငွေမရှိ |
| ၅ | ကလေးထိန်းဌာန မရှိသဖြင့် မိခင်များ အလုပ်လုပ်ရန် အဆင်မပြေခြင်း | ၅ | စိုက်ပျိုးရေး နည်းပညာ မသိခြင်း ကြောင့် သီးနှံများ အထွက်နည်းခြင်း |
| ၆ | ဖျားနာချိန်၊ နေမကောင်းလျှင် ဖားဆောင်းဆေးရုံ အထိ သွားရခြင်း | ၆ | [illegible] မရှိခြင်း ကြောင့် [illegible] |
| ၇ | ကလေးနှင့် လူငယ်များ အတွက် ကစားရန် [illegible] ကြောင့် [illegible] | ၇ | အခြား အိမ်တွင်းမှုလုပ်ငန်း (ယက်ကန်း) လုပ်ရန် မရှိသောကြောင့် အမျိုးသမီးများ အတွက် အလုပ်အကိုင် အခွင့်အလမ်း မရှိခြင်း |
| ၈ | အလုပ်အကိုင် အခွင့်အလမ်း ရှားပါးခြင်း | | |
| ၉ | ကျေးရွာတွင်းလမ်းများ [illegible] နည်း [illegible] အဆင်မပြေခြင်း | ၉ | |
| ၁၀ | | ၁၀ | |
| ၁၁ | | ၁၁ | |
| ၁၂ | | ၁၂ | |
| ၁၃ | | ၁၃ | |



၆။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | ဖွံ့ဖြိုးတိုးတက်သောကျေးရွာ ဖြစ်စေချင် | ၁ | ကလေးများအတွက် ပညာရေး ကဏ္ဍတွင် အဆင့်အတန်း မြင့်တက်လာစေရန် |
| ၂ | ကလေးငယ်များအတွက် မူကြိုကျောင်း ရှိချင် | ၂ | အသက်မွေးဝမ်းကျောင်း နည်းပညာများ တတ်မြောက်လာစေရန် |
| ၃ | အားကစားမြေ လုပ်ဆောင်သည့် နေရာကောင်း ရှိချင် | ၃ | အလုပ်အကိုင်အခွင့်အလမ်း ပေါများလာစေရန် |
| ၄ | ကျန်းမာရေးဌာန (သို့) ဆေးပေးခန်း ရှိစေချင် | ၄ | လယ်/တောင်ယာသို့ သွားလာသည့်လမ်း ကောင်းမွန်လာစေရန် |
| ၅ | သွားလာရေး အဆင်ပြေ၍ ကျေးရွာတွင်း လမ်းများ ကောင်းမွန်စေချင် | ၅ | ကျေးရွာတွင်း လမ်းများ ကောင်းမွန်လာစေရန် |
| ၆ | ကျောင်းတွင်း ကစားကွင်း၌ ကလေးငယ်များ ပျော်ရွှင်စွာ ကစားကြစေချင် | ၆ | |
| ၇ | | ၇ | |
| ၈ | | ၈ | |

၇။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျိုးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျစရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | မူကြိုကျောင်း ဆောက်လုပ်ခြင်း | ကျား+မ | | ၂၇၅ |
| ၂ | ရွာလယ်လမ်း ပြုပြင်ခြင်း | ကျား+မ | | ၂၇၅ |
| ၃ | စာသင်ကျောင်းရှိ ကလေး ကစားကွင်း ပြုပြင်ခြင်း | ကျား+မ | | ၂၇၅ |
| ၄ | ရွာပတ်လမ်း ပြုပြင်ခြင်း | ကျား+မ | | ၂၇၅ |
| ၅ | လူငယ်ရိပ်သာ တည်ဆောက် | ကျား+မ | | ၂၇၅ |
| ၆ | လယ်/တောင်ယာသွားလမ်း ဖောက်လုပ်ခြင်း | ကျား+မ | | ၂၇၅ |
| ၇ | | | | |
| ၈ | | | | |
| ၉ | | | | |
| ၁၀ | | | | |

ယ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျိုးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုး တိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ / အမျိုးသမီးများ/ အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | သက်ကြွေ နည်းပညာသင်တန်းပို့ချခြင်း | မ | သက်ကြီး/ မွေး |
| ၂ | ရပ်ကွက်ရုံးတည်ဆောက်ခြင်း | ကျား | အခြား |
| ၃ | | | |
| ၄ | | | |
| ၅ | | | |
| ၆ | | | |
| ၇ | | | |
| ၈ | | | |
| ၉ | | | |
| ၁၀ | | | |


ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် [illegible] လက်မှတ် [illegible] နေ့စွဲ ၁၉ . ၁၀.၂၀၁၇

## ၁၁။ ကျေးရွာအုပ်စုဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (ပုံစံ-၄)

မှတ်ချက် ။ ။ စီမံကိန်းလုပ်ငန်းခွဲမရှိပါသဖြင့် ပုံစံ (စ-၄) မဖြည့်သွင်းပါ။

## ၁၂။ အစည်းအဝေးမှတ်တမ်းများ (ပုံစံ-၁၂)



အစည်းအဝေးမှတ်တမ်း

လူထုဗဟိုပြု စီမံကိန်း

| | | | |
|---|---|---|---|
| ခေါင်းစဉ် | ပထမအကြိမ် ကျေးရွာ အစည်းအဝေး | | |
| ကျေးရွာ/အုပ်စု၊ မြို့နယ် | တောင်ပေါ်ကျေးရွာ / ဖားဆောင်းအုပ်စု / ဖားဆောင်းမြို့နယ်။ | | |
| အစည်းအဝေးကျင်းပသည့် ရက်စွဲ၊ အချိန်၊ နေရာ | ၁၇.၁၀.၂၀၁၇ / ညနေ (၆:၀၀) နာရီ / တောင်ပေါ်ကျေးရွာ ခန်းမဆောင်။ | | |
| စီမံကိန်းအမည်၊ မြို့နယ် | လူထုဗဟိုပြုစီမံကိန်း၊ ဖားဆောင်း၊ ဘောလခဲ၊ မယ်စဲ့မြို့နယ်၊ ကယားပြည်နယ် | | |
| စုစုပေါင်းကုန်ကျငွေ | - | | |
| ဦးဆောင်သူ | ဒေါ်နန်းမိုးမိုးသူ<br>ဒေါ်လဲ့လဲ့ဝေမြိုင် | ရာထူး | CF/TF/Committee |

တက်ရောက်သူဦးရေ (Participants)

| စဉ် | ကျား | မ | စုစုပေါင်း | လူမျိုး |
|---|---|---|---|---|
| ၁ | ၁၄ | ၁၈ | ၃၂ | ရှမ်း၊ မြန်မာ၊ ကရင် |
| ၂ | | | | ရှမ်း + ကရင် |
| | | | | |
| | | | | |


ရည်ရွယ်ချက် (Purpose)

၁. CDD ၏ ကျေးရွာဖွံ့ဖြိုးရေး အခြေခံသဘောတရားများကို ကျေးရွာလူထုများသိရှိစေရန်

၂. စီမံကိန်းစက်ဝန်းရှိ အဆင့်၊ အဆင့်များ စီမံကိန်း၏ လုပ်ငန်းလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများနှင့် ရင်းနှီးမှုရှိစေရန်

၃. လူထုဗဟိုပြုစီမံကိန်း၏ အက်ပေါင်းစုံ ပေါင်းစည်းထားခြင်းဖြစ်သည့် ကျား-မရေးရာ နှင့် လူမှုပူးပေါင်းပါဝင်မှုတို့ကိုလည်း သိရှိနားလည်စေရန်

၄. CDD တွင် ပါဝင်ဆောင်ရွက်မည့်သူများ၏ အမျိုးမျိုးသော တာဝန်နှင့် ဝတ္တရားများကို ၎င်းတို့ကိုယ်တိုင် သိရှိနားလည်သွားစေရန်



အစည်းအဝေး အစီအစဉ် (Agenda)

၁။ အဖွင့်အမှာစကား ပြောကြားခြင်း

၂။ လူထုဗဟိုပြု စီမံကိန်း မိတ်ဆက်ခြင်း


၃။ စီမံကိန်းစက်ဝန်းအား ရှင်းပြခြင်း

၄။ ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ကော်မတီ၏ တာဝန် နှင့် ဝတ္တရားများ ရှင်းပြခြင်း

၅။ စေတနာ့ဝန်ထမ်း ရွေးချယ်ခြင်း

၆။ လူမှုဆန်းစစ်ခြင်း အစီအစဉ်

၇။ ပထမအကြိမ် ကျေးရွာအစည်းအဝေး ပြီးမြောက်ခြင်း



ဆွေးနွေးချက်နှင့်ဆုံးဖြတ်ချက်များ (Discussion and Decision)

| စဉ် | ဆွေးနွေးချက်များ | ဆုံးဖြတ်ချက်များ |
|---|---|---|
| ၁. | အဖွင့်အမှာစကား ပြောကြားခြင်း<br>ကျေးရွာ ဥက္ကဋ္ဌ "ဦးဝင်းသန်းဦး" မှ အဖွင့်အမှာစကား ပြောကြားသွားပါသည်။ | |
| ၂. | လူထုဗဟိုပြု စီမံကိန်း မိတ်ဆက်ခြင်း<br>လူထုစည်းရုံးရေးမှူး "ဒေါ်နန်းမိုးမိုးသူ" မှ လူထုဗဟိုပြု စီမံကိန်း အကြောင်း ပြန်လည်ဆွေးနွေး ရှင်းလင်း တင်ပြသွားပါသည်။ | |
| ၃. | စီမံကိန်းစက်ဝန်းအကြောင်း ရှင်းပြခြင်း<br>လက်ထောက်နည်းပညာမှူး "ဒေါ်လွဲလွဲဖြိုး" မှ စီမံကိန်း စက်ဝန်း (၁)ခု ၊ နှစ်တစ်နှစ်၏ လုပ်ဆောင်ပုံ အဆင့်ဆင့် နှင့် အစည်းအဝေးများ အကြောင်းကို လင်းလင်း တင်ပြသွားပါသည်။ | |
| ၄. | လူထုစည်းရုံးရေးမှူး "ဒေါ်နန်းမိုးမိုးသူ" မှ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီ၏ တာဝန် နှင့် ဝတ္တရားများကို ရှင်းလင်း ပြောကြားသွားပါသည်။<br>တစ်ဆက်တည်း မှာပင် ကျေးရွာစေတနာ့ဝန်ထမ်း (၂)ဦး ကို အစည်းအဝေးသို့ တက်ရောက်လာကြသူများမှ အတည်ပြု ရွေးချယ် လိုက်ကြသည်။ | အစည်းအဝေးသို့ တက်ရောက်လာကြသူများမှ အတည်ပြုရွေးချယ်သော စေတနာ့ဝန်ထမ်း (၂)ဦးမှာ (၁)ဦးစိုးလှိုင် နှင့် (၂)ဒေါ်ဆောရီ တို့ဖြစ်ပါသည်။ |
| (၅) | လူမှုဆန်းစစ်ခြင်း အစီအစဉ်တွင်<br>လူမှုရေး အရင်းအမြစ်ပြ မြေပုံ၊ ဥတုအ | |

(၅) နကြပ်ဝမှု ဖြစ်ပေါ်လာ၊ ရာသီဥတုပြောင်း
ပြောင်းခြင်း နှင့် မင်းပုံစံ အဖွဲ့ အစည်း ချိတ်
ဆက်မှု ဖြစ်ပေါ်လာ တို့ကို ယခင် ပထမနှစ်
စက်ဝန်း ဆွေးနွေး ချက် များနှင့် ဆက်စပ်
ပြီး ပြန်လည် ဆွေးနွေး သုံးသပ် ခဲ့ ပါ
သည်။

ပိုင်ဆိုင်မှု ကိုသုံးသပ်ခြင်း နှင့် ပင့်ကူ
အိမ်သုံးသပ်ခြင်း ပုံစံတို့ကို အမျိုးသား
များ တစ်ဖွဲ့ အမျိုးသမီး တစ်ဖွဲ့ အဖွဲ့
ပွဲဖွဲ့၍ ခွဲကာ ဆွေးနွေး စေသည်။ ထိုသို့
ဆွေးနွေးရာတွင် အမျိုးသမီး များ အဖွဲ့
ကို "ဒေါ်လဲ့လဲ့ဝေ" မှ ဦးဆောင် ဆွေး
နွေး ပြီး အမျိုးသား များ အဖွဲ့ ကို
"ဒေါ်နန်းမိုးမိုးသူ" မှ ဦးဆောင် ဆွေးနွေး
သုံးသပ်ကြပါသည်။

လူမှုအဆင့်ခွဲခြင်း ရလဒ် ၊ သုံးသပ်
ချက်များကို "ဒေါ်ဒီဒွေး" မှ ပြန်လည်တင်ပြ
ဆွေးနွေး ပြီး အစည်းအဝေး ကို ရုပ်သိမ်း
လိုက်သည်။

| မှတ်တမ်းရေးသူ။ | စိစစ်သူ။ | အတည်ပြုသူ။ |
|---|---|---|
| လက်မှတ်။ [signature] | လက်မှတ်။ | လက်မှတ်။ |
| အမည်။ ဒေါ်နန်းမိုးမိုးသူ | အမည်။ | အမည်။ |
| CF | | |

# အစည်းအဝေးမှတ်တမ်း

လူထုဗဟိုပြုစီမံကိန်း

| | |
|---|---|
| ခေါင်းစဉ် | ဒုတိယအကြိမ် ကျေးရွာအစည်းအဝေး |
| ကျေးရွာ/အုပ်စု၊ မြို့နယ် | တော်ဖဲပေါ်ကျေးရွာ ၊ ဖားဆောင်း ၊ ဖားဆောင်းမြို့နယ် |
| အစည်းအဝေးကျင်းပသည့် ရက်စွဲ၊ အချိန်၊ နေရာ | ၁၈၊၁၀၊၂၀၁၇ ၊ ညနေ (၆း၀၀) နာရီ တော်ဖဲပေါ်ကျေးရွာ [illegible] |
| စီမံကိန်းအမည်၊ မြို့နယ် | လူထုဗဟိုပြုစီမံကိန်း၊ ဖားဆောင်း၊ ဘောလခဲ၊ မယ်စဲ့မြို့နယ်၊ ကယားပြည်နယ် |
| စုစုပေါင်းကုန်ကျငွေ | – |
| ဦးဆောင်သူ | ခွန်နိုင်မိုးမိုးသူ / ခေါ်လဲ့လဲ့ဝေမြင့် ; ရာထူး CF / TF Committee |

*တက်ရောက်သူဦးရေ (Participants)*

| စဉ် | ကျား | မ | စုစုပေါင်း | လူမျိုး |
|---|---|---|---|---|
| ၁ | ၂၅ | ၂၆ | ၅၁ | ရှမ်း၊ ပအို့ဝ်၊ |
| ၂ | | | | ကရင်၊ ရှမ်း+ကရင် |
| | | | | |
| | | | | |

ရည်ရွယ်ချက် (Purpose)

(၁) ကျေးရွာဖွံ့ဖြိုးမှု အခြေအနေ နှင့် လိုအပ်ချက်များကို သိမြင်လာစေရန် နှင့် အနာဂတ်တွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် ရှင်းလင်းသော ကျေးရွာ မျှော်မှန်းချက်ကို သိရှိလာစေရန်

(၂) ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်အတွက် ပြင်ဆင်ရန်။

အစည်းအဝေး အစီအစဉ် (Agenda)

(၁) အဖွင့်အမှာစကား ပြောကြားခြင်း

(၂) အခက်အခဲ ပြဿနာများ၊ မျှော်မှန်းချက်များ နှင့် ဖွံ့ဖြိုးရေးလုပ်ငန်း ဖော်ထုတ်ခြင်း

(၃) ဦးစားပေးလုပ်ငန်း ရွေးချယ်သတ်မှတ်ခြင်း

(၄) ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲမှုအကြောင်း နှင့် စီမံကိန်း တွင် အကျုံးဝင်၊ အကျုံးမဝင်သော စံနှုန်းများ အကြောင်း၊ သဘာဝပတ်ဝန်းကျင် နှင့် အကာအကွယ်များ အကြောင်း ရှင်းလင်း ပြောကြားခြင်း

(၅) ကော်မတီများ အတည်ပြုရွေးချယ်ခြင်း

(၆) ရှေ့ဆက်ရမည့် လုပ်ငန်းစဉ် အကြောင်း ရှင်းလင်း ပြောကြား ခြင်း

(၇) ဒုတိယအကြိမ် ကျေးရွာအစည်းအဝေး ကြီး ခေါ်ခြင်း

ဆွေးနွေးချက်နှင့်ဆုံးဖြတ်ချက်များ (Discussion and Decision)

| စဉ် | ဆွေးနွေးချက်များ | ဆုံးဖြတ်ချက်များ |
|---|---|---|
| (၁) | ကျေးရွာအုပ်ချုပ်ရေးမှူး "ဦးဝင်းသန်းဦး" မှ အဖွင့် အမှာစကား ပြောကြားသွားပါသည်။ | |
| (၂) | အမျိုးသမီး ၁၁ ဖွဲ့ ၊ အမျိုးသားများ ၁၁ ဖွဲ့ အဖွဲ့ ၂၂ ဖွဲ့ ခွဲကာ . တောင်ပေါ်ကျေးရွာ ၏ အခက်အခဲ ပြဿနာများ၊ ကျေးရွာ၏ မျှော်မှန်း ချက်များ နှင့် အမျိုးသမီး၊ အမျိုးသား တို့ ၏ သီးခြားစီသာ ဖွံ့ဖြိုးရေးလုပ်ငန်း များ ကို သုံးသပ်ဆွေးနွေး ကြပါသည်။ | အစည်းအဝေးသို့ တက်ရောက် လာကြသူ များ အားလုံး၏ ဆွေးနွေး အတည်ပြုချက် အရ ထွက်ပေါ်လာသော ဦးစားပေးလုပ် ငန်းများမှာ -<br>(၁) မူကြို ကျောင်းဆောက်လုပ်ခြင်း (ကျား+မ)<br>(၂) ရွာလယ် လမ်း ပြုပြင်ခြင်း (ကျား+မ).<br>(၃) စာသင် ကျောင်း နှင့် ကလေး ကစား ကွင်း ပြုပြင်ခြင်း (ကျား+မ).<br>(၄) ရွာပတ်လမ်း ပြုပြင်ခြင်း (ကျား+မ).<br>(၅) လူငယ် ရိပ်သာ တည်ဆောက်ခြင်း (ကျား+မ)<br>(၆) လယ်၊ တောင်ယာ သွားလမ်း ဖောက် ခြင်း (ကျား+မ)<br>(၇) အသက်မွေးဝမ်းကျောင်း သင်တန်း ပို့ချ ပေးရန် (မ).<br>(၈) ရပ်ကွက် ရုံးတည်ဆောက်ခြင်း (ကျား) တို့ဖြစ်ပါသည်။ |
| (၃) | ထို့နောက် အစည်းအဝေးသို့ တက်ရောက် လာကြသူများ မှ မိမိတို့ ကျေးရွာအတွက် ဦးစားပေး လုပ်ငန်းများ ကို ရွေးချယ်သတ် မှတ်ကြပါသည်။ | |
| (၄) | လူထုစည်းရုံးရေးမှူး "ဒေါ်နန်းမိုးမိုးသူ" မှ ကျေးရွာဖွံ့ဖြိုး ရေးအစီအစဉ်စာအုပ်အ ကြောင်း ကို ရှင်းလင်း တင်ပြသွား ပါသည်။<br>ဆက်လက်၍ နည်းပညာမှူး "ဒေါ်လဲ့ လဲ့ဝေဖြိုး" မှ ကျေးရွာဖွံ့ဖြိုးရေး အစီအ စဉ်တွင် အကျုံးဝင်သော စီမံကိန်း ၊ အကျုံး မဝင်သော စီမံကိန်း များ နှင့် သဘာဝပတ် ဝန်းကျင် နှင့် အကာအကွယ် များ အ ကြောင်း ရှင်းလင်း ပြောကြား သွား ပါသည်။ | |
| (၅) | ဆက်လက်၍ စီမံကိန်း ဒုတိယနှစ် စက်ဝန်း တွင် ပူးပေါင်းဆောင်ရွက်မည့် ကျေးရွာစီမံ | ထို့နည်းတူ . ဒုတိယ နှစ်စက်ဝန်း တွင် ပူးပေါင်း ပါဝင်ဆောင်ရွက် မည့် စီမံကိန်း |

| | | |
|---|---|---|
| (၅) | ဖော်ပြပါ အထောက်အကူပြု ကော်မတီ ကို အစည်းအဝေး သို့ တက်ရောက်လာကြသူ များ အားလုံး မှ ရွေးချယ် အတည်ပြု ကြပါသည်။<br><br>(၆) လူထုစည်းရုံးရေးမှူး "ဒေါ်နန်းမိုးမိုးသူ" မှ ရှေ့ဆက်ရမည့် လုပ်ငန်းစဉ် များ အကြောင်း အစည်းအဝေး များ အကြောင်း ကို ရှင်းလင်း ပြောကြား ပြီး အစည်းအဝေး ကို ရုပ်သိမ်း လိုက်ပါသည်။ | အထောက်အကူပြုကော်မတီ မှာ<br>(၁) ဦးစိုင်းတင့်လွင် (စီ/ထောက်ဥက္ကဋ္ဌ)<br>(၂) ဒေါ်အိဝေ (စီ/ထောက် ဥက္ကဋ္ဌ)<br>(၃) ဦးစောအောင် (စောင့်ကြည့်ကြီးကြပ်ရေး)<br>(၄) ဒေါ်စင်တင်ချို (စောင့်ကြည့်ကြီးကြပ်ရေး)<br>(၅) ဦးအောင်ခိုင် (ဝယ်ယူရေး)<br>(၆) ဒေါ်ကြည်ကြည်ရွှေ (ဝယ်ယူရေး)<br>(၇) ဦးစည်သူဖြိုး (ဝေဖန်အကြံပြုတိုင်ကြားလွှာ)<br>(၈) ဒေါ်စနေဝေ (ဝေဖန်အကြံပြုတိုင်ကြားလွှာ)<br>(၉) ဦးဌေးလှိုင်ဝင်း (လည်ပတ်ထိန်းသိမ်းရေး)<br>(၁၀) ဒေါ်သန္တာဝေ (လည်ပတ်ထိန်းသိမ်းရေး)<br>(၁၁) ဒေါ်သီရိနု (ကျေးရွာငွေစာရင်းကိုင်)<br>တို့ဖြစ်ကြသည်။ |

| မှတ်တမ်းရေးသူ။ | စိစစ်သူ။ | အတည်ပြုသူ။ |
|---|---|---|
| လက်မှတ်။ [signature] | လက်မှတ်။ | လက်မှတ်။ |
| အမည်။ ဒေါ်နန်းမိုးမိုးသူ | အမည်။ | အမည်။ |
| ရာထူး။ CF | ရာထူး။ | ရာထူး။ |

# ၁၃။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

တောင်ပေါ်ကျေးရွာ

ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

| | စဉ် | လုပ်ငန်း | အဆိုပြုသူ | လ/နှစ် | လုပ်ဆောင်မည့်သူ | ပြင်ပမှ ထောက်ပံ့ပေးသူ |
|---|---|---|---|---|---|---|
| အခြေခံအဆောက်အဦး နှင့်လမ်း/တံတား | ၁. | ရွာလယ်လမ်း ပြုပြင်ခြင်း | ကျား+မ | Oct/2017 | ကျေးရွာလူထု | |
| | ၂. | ရွာပတ်လမ်း ပြုပြင်ခြင်း | ကျား+မ | Oct/2017 | ကျေးရွာလူထု | |
| | ၃. | လူငယ်ရိပ်သာတည်ဆောက်ခြင်း | ကျား+မ | Oct/2017 | ကျေးရွာလူထု | |
| | ၄. | လယ် / တောင်ယာသွား လမ်းဖောက်လုပ်ခြင်း | ကျား+မ | Oct/2017 | ကျေးရွာလူထု | |
| အသက်မွေးဝမ်းကြောင်းနှင့် စိုက်ပျိုးရေး | ၁. | သက်မွေးနည်းပညာပို့ချခြင်း | မ | Oct/2017 | ကျေးရွာလူထု | |
| ကျန်းမာရေးနှင့် ရေရရှိရေး | | | | | | |
| ပညာရေး | ၁. | မူကြိုကျောင်း ဆောက်လုပ်ခြင်း | ကျား+မ | Oct/2017 | ကျေးရွာလူထု | |
| | ၂. | စာသင်ကျောင်း နှင့် ကလေး ကစားကွင်း တည်ဆောက်ခြင်း | ကျား+မ | Oct/2017 | ကျေးရွာလူထု | |
| အခြား | ၁. | ရပ်ကွက်ရုံး တည်ဆောက်ခြင်း | ကျား | Oct/2017 | ကျေးရွာလူထု | |